Towards Results in Education & English

# စာသင်ခန်းဇာတ်လမ်းများနှင့်ဖြေရှင်းချက်များ

## သင်ယူစဥ်စစ်ဆေးအကဲဖြတ်ခြင်းကို လေ့လာခြင်း

### အခန်း ၁

Funded By: UKaid
ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်

**TREE** မှ ဤဗီဒီယိုဇာတ်လမ်းတွဲသည် စာသင်ခန်းအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအကြောင်းကို အဓိကထား လေ့လာမည်ဖြစ်ပါသည်။ မူလတန်းနှင့်အလယ်တန်း ကျောင်းသူကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရာတွင် ကြုံတွေ့ရသော ပြဿနာများနှင့် ဖြေရှင်းချက်များကို ဆရာဆရာမများ စမ်းသပ်လုပ်ဆောင်ကြည့်နိုင်မည့် ပညာရေးသဘောတရားနှင့် လက်တွေ့နည်းလမ်းများအား အခြေခံပြီး လေ့လာပါမည်။

**စာသင်ခန်းအတွင်းပြဿနာ**

ကျွန်မကာမူလတန်းကလေးတွေကို သိပ္ပံသင်ပါတယ်။ ငါးတန်းမှာ ကလေးတွေက တိရစ္ဆာန်အမျိုးမျိုးနဲ့ သူတို့ရဲ့သွင်ပြင်လက္ခဏာတွေအကြောင်း ကလေးတွေ လေ့လာရပါတယ်။ လုပ်ဆောင်ချက်အပြီး ကလေးတွေ နားလည်မလည် စစ်ဆေးဖို့ တစ်တန်းလုံးကို မေးခွန်းမေးချင်ပါတယ်။ ဒါပေမယ့် အတန်းထဲ ကလေးတွေများလွန်းလို့ တစ်ယောက်ချင်း မေးဖို့ မဖြစ်နိုင်ပါဘူး။ တချို့ကလေးတွေဘဲ လက်ထောင်ပြီး ဖြေကြတယ်၊ ကျန်ကလေးတွေက ဘယ်တော့မှ လက်မထောင်ပါဘူး။



လူများသောအတန်းများတွင် တစ်ယောက်ချင်း အဖြေစစ်ခြင်း၊ အမှားပြင်ခြင်းမှာ အချိန်ကုန်စေသည်။ ဆရာ/မက တစ်တန်းလုံးကို မေးခွန်းမေးသောအခါ ကလေးအနည်းငယ်မျှသာ ဖြေဆိုကြသည်။

ကလေးအားလုံး နားလည်မလည် မည်သို့စစ်ဆေးနိုင်ပါမည်နည်း။

## MULTIPLE CHOICE ကတ်နည်းစနစ်

၁ ကလေးတို့က A, B, C, D စာလုံးများဖြင့် ကတ်လုပ်ကြသည်။




၂ ဆရာ/မမှ မေးခွန်းတစ်ခုမေးပြီး သင်ပုန်းပေါ် အဖြေလေးခုရေးသည်။




၃ ကလေးတို့က တစ်ဦးချင်းအဖြေပေးနိုင်ကြသည်။ ဆရာ/မက မည်သူ့အဖြေကမှန်/မှားကြောင်းတွေ့နိုင်ပြီး တုံ့ပြန်ဖြေကြားနိုင်ပါသည်။ ကလေးအတော်များများ မှားနေလျှင် ကလေးတွေနားလည်အောင် ဤသင်ခန်းစာပိုင်းကို နောက်တစ်နည်းဖြင့် ထပ်သင်ရန်ဖြစ်ပါသည်။






## ပြန်လည်သုံးသပ်ခြင်း

ဒီပြဿနာမျိုးယခင်ကြုံခဲ့ဖူးပါသလား။
ဒီနည်းကို သင့်အတန်းထဲသုံးနိုင်ပါမလား။
ပြဿနာဖြေရှင်းဖို့အခြား မည်သည့်နည်းများ သုံးနိုင်ပါမည်နည်း။


Implemented by: BRITISH COUNCIL, The Open University, VSO, montrose (Creating pragmatic solutions that make life better)